
ပို့ဆောင်ရေးဝန်ကြီးဌာန
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်


စိုက်ပျိုးရေး မိုးလေဝသ ဌာနခွဲ











၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညအပူချိန်များပြပုံ (ဒီဂရီဖာရင်ဟိုက်)

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၁၃-၁၁-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၁၄-၁၁-၂၀၂၆ ရက်နေ့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း ၁၅-၁၁-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၁၆-၁၁-၂၀၂၆ ရက်နေ့တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၁၇-၁၁-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" အဖြစ်သို့လည်းကောင်း၊ ၁၈-၁၁-၂၀၂၆ ရက်နေ့နှင့် ၁၉-၁၁-၂၀၂၆ ရက်နေ့များတွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" အဖြစ်သို့လည်းကောင်းရောက်ရှိခဲ့ပြီး ၂၀-၁၁-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်'' အဖြစ်သို့ အားလျော့သွားခဲ့ကာ အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေတို့ကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပါသည်။

မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

မိုးရွာရက်များအနေဖြင့်-ရန်ကုန်တိုင်းဒေသကြီး(ကိုကိုးကျွန်းမြို့)နှင့် တနင်္သာရီတိုင်းဒေသကြီး(ကော့သောင်းမြို့)တို့တွင် (၅)ရက်မှ (၆)ရက်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး(မိတ္ထီလာမြို့၊ မိုးကုတ်မြို့)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ကလေးဝမြို့)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၃)ရက်မှ (၄)ရက်နှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ် (ပူတာအိုမြို့)၊ ကရင်ပြည်နယ်(မြဝတီမြို့)၊ မွန်ပြည်နယ်(သိမ်ဇရပ်မြို့)၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၁)ရက်မှ (၂)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(နွေအပူချိန်)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းတွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး တနင်္သာရီတိုင်း

ဒေသကြီးတွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ထက် (၄)ဒီဂရီဖာရင်ဟိုက်နှင့် ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ ပိုခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၇)ဒီဂရီဖာရင်ဟိုက်မှ (၈)ဒီဂရီဖာရင်ဟိုက်အထိ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၅)ဒီဂရီဖာရင်ဟိုက်မှ (၆)ဒီဂရီဖာရင်ဟိုက်အထိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– ကရင်ပြည်နယ်တွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးတွင် နိုဝင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၅)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၃)ဒီဂရီဖာရင်ဟိုက်စီနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင် (၂)ဒီဂရီဖာရင်ဟိုက် လျော့နည်းခဲ့ပါသည်။

လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၉%)မှ (၇၈%)အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၈၂%)မှ (၉၃%)အတွင်း အသီးသီးရှိခဲ့ပါသည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၁၅ မီလီမီတာ)မှ (၂၃ မီလီမီတာ)အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၂၄ မီလီမီတာ)မှ (၃၂ မီလီမီတာ)အတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၃ မီလီမီတာ)မှ (၃၉ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

(ဖြစ်နိုင်စွမ်းပင်ငွေ့ရေငွေ့ပျံနှုန်းအား **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု***)အခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုးရွာရက်

မိုးရွာရက်အနေဖြင့်- တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

နေ့အပူချိန်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

ည့အပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်း

ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ

နောက်ဆက်တွဲ(က)

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

စဉ်	ပြည်နယ်/တိုင်း ဒေသကြီး	မြို့	မိုးရေချိန်	ပျမ်းမျှ ကွာဟချက်	မိုးရွာ ရက်	အမြင့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်)		အနိမ့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်)		စိုထိုင်းဆ(%)		ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ)	
			(မမ)	(%)		အမှန်	ကွာဟ ချက်	အမှန်	ကွာဟ ချက်	အမှန်	ကွာဟ ချက်	အမှန်	ကွာဟ ချက်
၁။	ကချင်ပြည်နယ်	မြစ်ကြီးနား	Trace	-၁၀၀	၀	၈၂	-၂.၃	၅၇	-၃.၂	၈၂	၂.၆	၂၅	-၁.၇
၂။	ချင်းပြည်နယ်	ဟားခါး	၂၃	၂၅၉	၃	၆၉	၁.၀	၄၈	၃.၅	၉၀	၂.၄	၁၇	-၁.၅
၃။	ရှမ်းပြည်နယ် (မြောက်)	လားရှိုး	၂၀	၁၈၂	၁	၇၇	-၅.၄	၅၉	၃.၀	၈၉	၃.၈	၁၈	-၆.၆
၄။	ရှမ်းပြည်နယ် (တောင်)	တောင်ကြီး	၁၄၇	၁၁၇၈	၃	၇၁	-၆.၁	၅၈	၂.၆	၈၆	၁၆.၆	၁၆	-၁၂.၁
၅။	ရှမ်းပြည်နယ် (အရှေ့)	ကျိုင်းတုံ	၈၉	၇၉၉	၄	၇၅	-၈.၄	၆၀	၁.၆	၉၃	၁၁.၉	၁၅	-၁၃.၂
၆။	ကယားပြည်နယ်	လွိုင်ကော်	၁၁၄	၁၀၀၇	၄	၇၉	-၄.၀	၆၁	၁.၆	၉၂	၉.၇	၁၈	-၉.၄
၇။	ကရင်ပြည်နယ်	ဘားအံ	Trace	-၁၀၀	၀	၉၄	-၁.၅	၇၂	၀.၁	၇၃	-၁.၅	၃၇	-၀.၉
၈။	မွန်ပြည်နယ်	မော်လမြိုင်	Trace	-၁၀၀	၀	၉၄	၁.၀	၇၄	၁.၃	၆၉	၀.၄	၃၈	၀.၀
၉။	ရခိုင်ပြည်နယ်	စစ်တွေ	၆၃	၁၇၉	၂	၈၅	-၃.၂	၇၃	၃.၇	၈၆	၁.၄	၂၀	-၅.၈
၁၀။	နေပြည်တော်	ရေဆင်း	၃၇	၅၁၇	၃	၈၅	-၆.၁	၇၀	၁.၉	၈၅	၇.၀	၂၂	-၁၀.၆
၁၁။	မန္တလေးတိုင်း ဒေသကြီး	မန္တလေး	၂၄	၇၀၀	၂	၈၃	-၆.၆	၇၀	၁.၁	၈၈	၁၀.၇	၁၉	-၁၁.၂
၁၂။	စစ်ကိုင်းတိုင်း ဒေသကြီး(အထက်)	ဟုမ္မလင်း	၁၆	၂၈၁	၁	၈၄	-၁.၄	၅၉	-၃.၁	၈၅	၀.၅	၂၅	-၁.၉
၁၃။	စစ်ကိုင်းတိုင်း ဒေသကြီး(အောက်)	မုံရွာ	၁၀	၈၂	၂	၈၃	-၆.၁	၆၈	၀.၆	၈၇	၈.၉	၂၀	-၉.၇
၁၄။	မကွေးတိုင်း ဒေသကြီး	မကွေး	၄၈	၆၇၄	၃	၈၃	-၆.၉	၆၉	၃.၄	၈၃	၆.၂	၂၂	-၁၁.၀
၁၅။	ပဲခူးတိုင်းဒေသကြီး (တောင်)	ပဲခူး	၂	-၇၄	၁	၉၁	-၀.၄	၇၃	၂.၂	၈၇	၆.၅	၂၇	-၅.၅
၁၆။	ပဲခူးတိုင်းဒေသကြီး (အရှေ့)	တောင်ငူ	၆၅	၁၃၄၄	၂	၈၆	-၄.၄	၇၀	၁.၁	၈၉	၈.၈	၂၁	-၉.၅
၁၇။	ပဲခူးတိုင်းဒေသကြီး (အနောက်)	ပြည်	၅၂	၆၇၆	၂	၈၅	-၇.၂	၆၉	-၂.၀	၈၈	၁၃.၂	၂၂	-၁၂.၅
၁၈။	ရန်ကုန်တိုင်း ဒေသကြီး	ရန်ကုန်	၃	-၇၃	၀	၉၀	-၃.၂	၇၃	၂.၁	၇၃	-၁.၁	၃၃	-၄.၄
၁၉။	ဧရာဝတီတိုင်း ဒေသကြီး	ပုသိမ်	၃၁	၂၉၇	၄	၈၈	-၄.၃	၆၇	-၅.၃	၇၄	-၄.၃	၃၄	၀.၈
၂၀။	တနင်္သာရီတိုင်း ဒေသကြီး	ထားဝယ်	၃၇	၂၂၅	၂	၉၇	၄.၂	၇၃	၂.၈	၇၈	၆.၄	၃၉	-၀.၆

"Trace "- မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။

မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။

၂၄ နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂ မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။

နောက်ဆက်တွဲ(ခ)

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မိုးရေချိန်	ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း	အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း	မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ)			မှတ်ချက်
		(မမ)	(မမ)	(မမ)	စုဆောင်း	ပိုရေ	လိုရေ	
၁။	ကချင်ပြည်နယ်	Trace	၂၅	၂၅	၇	၀	၀	ခြောက်သွေ့
၂။	ချင်းပြည်နယ်	၂၃	၁၇	၁၇	၉၃	၀	၀	ပြည့်ဝ
၃။	ရှမ်းပြည်နယ်(မြောက်)	၂၀	၁၈	၁၈	၉၂	၀	၀	ပြည့်ဝ
၄။	ရှမ်းပြည်နယ်(တောင်)	၁၄၇	၁၆	၁၆	၁၀၀	၁၃၁	၀	ပြည့်ဝ
၅။	ရှမ်းပြည်နယ်(အရှေ့)	၈၉	၁၅	၁၅	၈၂	၀	၀	ပြည့်ဝ
၆။	ကယားပြည်နယ်	၁၁၄	၁၈	၁၈	၁၀၀	၉၆	၀	ပြည့်ဝ
၇။	ကရင်ပြည်နယ်	Trace	၃၇	၃၇	၉	၀	၀	ခြောက်သွေ့
၈။	မွန်ပြည်နယ်	Trace	၃၈	၃၈	၂၇	၀	၀	ခြောက်သွေ့
၉။	ရခိုင်ပြည်နယ်	၆၃	၂၀	၂၀	၁၀၀	၇	၀	ပြည့်ဝ
၁၀။	နေပြည်တော်	၃၇	၂၂	၂၂	၁၀၀	၁၅	၀	ပြည့်ဝ
၁၁။	မန္တလေးတိုင်းဒေသကြီး	၂၄	၁၉	၁၉	၁၀၀	၅	၀	ပြည့်ဝ
၁၂။	စစ်ကိုင်းတိုင်းဒေသကြီး(အထက်)	၁၆	၂၅	၂၅	၂	၀	၀	ခြောက်သွေ့
၁၃။	စစ်ကိုင်းတိုင်းဒေသကြီး(အောက်)	၁၀	၂၀	၂၀	၄၅	၀	၀	စိုစွတ်
၁၄။	မကွေးတိုင်းဒေသကြီး	၄၈	၂၂	၂၂	၁၀၀	၂၅	၀	ပြည့်ဝ
၁၅၊	ပဲခူးတိုင်းဒေသကြီး(တောင်)	၂	၂၇	၂၇	၄၂	၀	၀	စိုစွတ်
၁၆။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၆၅	၂၁	၂၁	၁၀၀	၃၁	၀	ပြည့်ဝ
၁၇။	ပဲခူးတိုင်းဒေသကြီး(အနောက်)	၅၂	၂၂	၂၂	၇၇	၀	၀	စိုစွတ်
၁၈။	ရန်ကုန်တိုင်းဒေသကြီး	၃	၃၃	၃၃	၇၀	၀	၀	စိုစွတ်
၁၉။	ဧရာဝတီတိုင်းဒေသကြီး	၃၁	၃၄	၃၄	၆၄	၀	၀	စိုစွတ်
၂၀။	တနင်္သာရီတိုင်းဒေသကြီး	၃၇	၃၉	၃၉	၇၃	၀	၀	စိုစွတ်

(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ)
အချက်အလက်ခန့်မှန်းချက်များ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မြို့	အမြင့်ဆုံး အပူချိန်	အနိမ့်ဆုံး အပူချိန်	ပျမ်းမျှ အပူချိန်	စိုထိုင်းဆ	ပင်ငွေ့ ရေငွေ့ ပျံနှုန်း
			ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ ဖာရင်ဟိုက်	ပျမ်းမျှ (%)	(မမ/၁၀-ရက်)
၁။	ကချင်ပြည်နယ်	မြစ်ကြီးနား	၈၂	၅၈	၇၀	၇၉	၂၆
၂။	ချင်းပြည်နယ်	ဟားခါး	၆၇	၄၀	၅၄	၈၆	၁၉
၃။	ရှမ်းပြည်နယ်(မြောက်)	လားရှိုး	၈၀	၅၃	၆၆	၈၆	၂၄
၄။	ရှမ်းပြည်နယ်(တောင်)	တောင်ကြီး	၇၅	၅၃	၆၄	၆၈	၂၉
၅။	ရှမ်းပြည်နယ်(အရှေ့)	ကျိုင်းတုံ	၈၀	၅၆	၆၈	၈၃	၂၆
၆။	ကယားပြည်နယ်	လွိုင်ကော်	၈၂	၅၆	၆၉	၈၅	၂၆
၇။	ကရင်ပြည်နယ်	ဘားအံ	၉၄	၇၀	၈၂	၇၃	၃၉
၈။	မွန်ပြည်နယ်	မော်လမြိုင်	၉၂	၇၁	၈၁	၆၇	၃၉
၉။	ရခိုင်ပြည်နယ်	စစ်တွေ	၈၇	၆၆	၇၆	၈၄	၂၇
၁၀။	နေပြည်တော်	ရေဆင်း	၉၀	၆၆	၇၈	၇၇	၃၃
၁၁။	မန္တလေးတိုင်းဒေသကြီး	မန္တလေး	၈၈	၆၆	၇၇	၇၈	၃၀
၁၂။	စစ်ကိုင်းတိုင်းဒေသကြီး (အထက်)	ဟုမ္မလင်း	၈၃	၅၉	၇၁	၈၅	၂၆
၁၃။	စစ်ကိုင်းတိုင်းဒေသကြီး (အောက်)	မုံရွာ	၈၇	၆၄	၇၆	၇၈	၃၀
၁၄။	မကွေးတိုင်းဒေသကြီး	မကွေး	၈၈	၆၃	၇၅	၇၇	၃၃
၁၅။	ပဲခူးတိုင်းဒေသကြီး (တောင်)	ပဲခူး	၉၀	၆၈	၇၉	၇၉	၃၃
၁၆။	ပဲခူးတိုင်းဒေသကြီး (အရှေ့)	တောင်ငူ	၈၉	၆၆	၇၈	၈၀	၃၁
၁၇။	ပဲခူးတိုင်းဒေသကြီး (အနောက်)	ပြည်	၉၁	၆၉	၈၀	၇၄	၃၅
၁၈။	ရန်ကုန်တိုင်းဒေသကြီး	ရန်ကုန်	၉၂	၆၈	၈၀	၇၄	၃၈
၁၉။	ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	၉၁	၇၀	၈၀	၇၇	၃၄
၂၀။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၉၂	၆၈	၈၀	၇၂	၄၁